Carolinas HealthCare System

# ဆေးရုံငွေကြေးအကူအညီနှင့်လျှော့ဈေးပရိုဂရမ်များ

Carolinas HealthCare System (CHS) သည် CHS ၏ကုသစောင့်ရှောက်မှုအဓိကတန်ဖိုးကို စံထားလုပ်ဆောင်နေစဉ်အတွင်း လူနာ၏ ငွေပေးချေနိုင်စွမ်းကိုအခြေခံ၍ငွေကြေးအကူအညီထောက်ပံ့ပေးရန် ကြိုးပမ်းလျက်ရှိပါသည်။ ငွေကြေးလိုအပ်ကြောင်း တင်ပြထားသည့် လူနာထံအကူအညီပေးထားကြောင်းသေချာစေရန်၊ ငွေကြေးအကူအညီနှင့်ပတ်သက်သောအစိုးရသို့မဟုတ်ပြည်နယ်၏ စည်းမျဉ်းဥပဒေတိုင်းနှင့်အညီ CHS ကလိုက်နာလုပ်ဆောင်ကြောင်းသေချာစေရန် CHS ပရိုဂရမ်များကို စီစဉ်ထားခြင်းဖြစ်သည်။ ဆေးရုံစရိတ်အကူအညီအတွက် အရည်အချင်းပြည့်မီသူများသည် အာမခံရပြီးလူနာတစ်ဦးတွင်ပုံမှန်အားဖြင့်ပေးချေရသောပမာဏ (AGB)ထက် ပိုမိုကောက်ခံခြင်း ခံရမည်မဟုတ်ပါ။ AGB တွက်ချက်မှုနှင့်ပတ်သက်၍ထပ်မံသိရှိလိုပါက လူနာဆက်ဆံရေးဝန်ဆောင်မှုဌာနသို့ဆက်သွယ်ပါ။

**CHS တွင် ရရှိနိုင်သော အာမခံအကူအညီနှင့် ငွေကြေးအကူအညီ(CAFA) နှစ်မျိုးရှိသည်-**

## <u>အာမခံအကူအညီနှင့် ငွေကြေးအကူအညီ(CAFA)</u>

CAFA ပရိုဂရမ်သည် အာမခံမရှိသောလူနာများနှင့် ဆေးရုံ၏အတွင်းလူနာဝန်ဆောင်မှုများသို့မဟုတ်စောင့်ကြည့်ကုသဝန်ဆောင်မှုများရရှိထားသောလူနာများဖြစ်သည့် North Carolina နှင့် South Carolinaတို့တွင်နေထိုင်သူများအတွက်ဖြစ်ပါသည်။ ၎င်းတွင် ဒေါ်လာ၁၀၀၀၀ နှင့်အထက် ရှိသောငွေပမာဏဖြစ်လာနိုင်သည့်ဆေးရုံ၏ပြင်ပလူနာဝန်ဆောင်မှုများလည်းပါဝင်သည်။ထိုဝန်ဆောင်မှုအမျိုးအစားများအတွက် အာမခံမရထားသောလူနာများကို CHS ငွေကြေးဆိုင်ရာအတိုင်ပင်ခံဌာနမှ CAFA ရေးရာသုံးသပ်စစ်ဆေးမှုများပြုလုပ်ရမည်။ ငွေကြေးဆိုင်ရာအတိုင်ပင်ခံတစ်ဦးက လူနာကိုတွေ့ဆုံမေးမြန်းမည်ဖြစ်ပြီး ၎င်းတို့အနေဖြင့် အခြားအာမခံရရှိနိုင်သည့်အခွင့်အရေးရှိမရှိကို ဆုံးဖြတ်ပေးပါမည်။ လူနာအနေဖြင့် ဤလုပ်ငန်းစဉ်တွင်အပြည့်အဝပူးပေါင်းခြင်းမရှိခဲ့ဘဲအာမခံမရရှိခဲ့လျှင် ၎င်းတို့၏အကောင့်ကို ဆင်းရဲနွမ်းပါးမှုဆိုင်ရာအစိုးရလမ်းညွှန်ချက်(FPG)နှင့်နှိုင်းယှဉ်ထားသည့်၎င်းတို့၏ဝင်ငွေကိုအခြေခံ၍ငွေကြေးအကူအညီကို အကဲဖြတ်ပေးမည်ဖြစ်သည်။ FPG ၂၀၀ရာခိုင်နှုန်းနှင့်အောက် ဝင်ငွေရှိသောလူနာများသည် ၁၀၀ ရာခိုင်နှုန်းလျှော့ဈေးရရှိမည်ဖြစ်သည်။။ FPG ၂၀၁ရာခိုင်နှုန်းနှင့်၄၀၀ရာခိုင်နှုန်းကြားရှိသော ဝင်ငွေရှိသည့်လူနာ သည် တစိတ်တပိုင်းလျှော့ဈေးကို ကျန်ရှိနေသည့်ငွေလက်ကျန်များကိုပေးချေရာတွင်လူနာများကိုကူညီရန် အတိုးနှုန်းမဲ့ငွေပေးချေမှုစနစ်ကို ရရှိနိုင်မည်ဖြစ်သည်။
ဆေးပညာအရအတွင်းလူနာသို့မဟုတ်စောင့်ကြည့်ကုသဝန်ဆောင်မှုများအတွက်CAFA ပရိုဂရမ်အတွက်ပြည့်မီကြောင်းတွေ့ရသောလူနာများသည် CHS Medical Groupမှထောက်ပံ့သော ၁၀၀ရာခိုင်နှုန်းလျှော့ဈေးကိုရရှိရန်ပြည့်မီသည်။

## <u>ငွေကြေးအကူအညီဆိုင်ရာပေးမှတ် (FAS)</u>

ငွေကြေးအကူအညီဆိုင်ရာအမှတ်ပေးပရိုဂရမ်သည်အာမခံမရှိသောလူနာများနှင့်ဒေါ်လာ၁၀၀၀၀အောက်ငွေကျန်ရှိသည့်ဆေးရုံပြင်ပလူနာဝန်ဆောင်မှုများရရှိထား သောလူနာများဖြစ်သည့် North Carolina နှင့် South Carolinaတို့တွင်နေထိုင်သူများအတွက်ဖြစ်ပါသည်။အကောင့်တိုင်းသည် ငွေမပေးချေမီငွေကြေးအကူအညီလျှော့ဈေးအတွက်အကဲဖြတ်သုံးသပ်မှုခံယူရမည်။ ပြည့်မီမှုသည် လူနာကဆင်းရဲနွမ်းပါးစွာနေထိုင်လျက်ရှိကြောင်းညွှန်ပြသည့်တတိယပုဂ္ဂိုလ်ထံမှ ငွေကြေးအကူအညီဆိုင်ရာပေးမှတ်ကို အခြေခံပါသည်။ပြည့်မီသောလူနာများကို ထိန်းညှိမှု၁၀၀ရာခိုင်နှုန်းကိုထပ်တိုးပေးမည်ဖြစ်ပြီး ငွေတောင်းခံလွှာပေးမည်မဟုတ်ပါ။ ပြည့်မီးသောပေးမှတ်နှင့်လူနာများအနေဖြင့် ဘာမှလုပ်ရန်မလိုပါ။ မပြည့်မီသောပြင်ပလူနာဝန်ဆောင်မှုနှင့်လူနာများသည် အပြည့်အဝဆန်းစစ်ပေးရန်အတွက် လျှောက်ထားနိုင်သည်။ အာမခံမရှိသောလူနာ၏လက်ခံထားသောအရေးပေါ်ဌာနဝန်ဆောင်မှုများသည် စရိတ်မျှပေး ၇၅ဒေါ်လာအတွက် တာဝန်ရှိမည်ဖြစ်သည်။

လူနာအနေဖြင့်http://www.carolinashealthcare.org/chs-financial-assistance တွင် အပလီကေးရှင်းကိုဒေါင်းလုတ်ရယူနိုင်ပြီး CHS ငွေကြေးဆိုင်ရာအတိုင်ပင်ခံဌာနသို့ ပေးပို့နိုင်သည်။ လျှောက်လွှာကိုမေးလ်မှရယူရန် လူနာဆက်ဆံရေးဝန်ဆောင်မှုဌာနသို့ ဆက်သွယ်နိုင်သလို သို့မဟုတ် ဆေးရုံ၏ဝင်ခွင့်ရုံးတွင် ကိုယ်တိုင်လာရောက်ထုတ်ယူနိုင်သည်။

*CHS အာမခံအကူအညီနှင့်ငွေကြေးအကူအညီဆိုင်ရာမူဝါဒနှင့်အထောက်အထားများမိတ္တူကို အီလက်ထရောနစ်အရ သို့မဟုတ် မေးလ်မှတဆင့် တောင်းဆိုရယူနိုင်သည်။*

**ငွေကြေးအကူအညီပရိုဂရမ်များအပြင် လျှော့ဈေးပရိုဂရမ်နှစ်မျိုးရရှိနိုင်သေးသည်-**

## <u>အာမခံမပါသောလျှော့ဈေး</u>

အာမခံမရှိသောလူနာများသည် ဆေးပညာအရလိုအပ်သောဆေးရုံဝန်ဆောင်မှုများအားလုံးတွင်စုစုပေါင်းလျှော့ဈေး၅ဂရာခိုင်နှုန်းရရှိမည်ဖြစ်ပြီးပြည့်မီထားသောလိုအပ်သည့်CHS Medical Groupဝန်ဆောင်မှုများတွင် အာမခံမပါသောစုစုပေါင်းလျှော့ဈေး၃ဂရာခိုင်နှုန်းကိုရရှိပါမည်။ အာမခံမပါသောစရိတ်မျှပေးပမာဏဒေါ်လာ၅ဂကို CHS Medical Group ပြင်ပလူနာဝန်ဆောင်မှုအားလုံးအတွက်ဝန်ဆောင်မှုပေးသည့်အချိန်တွင်တောင်းခံရပါမည်။အာမခံမပါသောလျှော့ဈေးကိုအလိုအလျောက်ပေးမည်ဖြစ်ပြီးလူနာအနေဖြင့်ထိုလျှော့ဈေးကိုရရှိရန်ဘာမှလုပ်ရန်မလိုပါ။ဤပရိုဂရမ်သည် အာမခံမရှိသောလူနာများအားလုံးအတွက် ရရှိနိုင်ပါသည်။

**ခက်ခဲကြမ်းတမ်းမှုအခြေကျရေးဆိုင်ရာလျှော့ဈေး**

ဤပရိုဂရမ်သည်မိမိ၏ငွေကြေးအရင်းအမြစ်များနှင့်ယှဉ်လျှင်ဆေးရုံစရိတ်ကြီးမြင့်လွန်းနေသည့်အာမခံအကျုံးဝင်မှုကိုထည့်မတွက်ဘဲကပ်ဘေးရောဂါအခြေအနေရှိနေသည့် North Carolina နှင့် South Carolina ပြည်နယ်များမှနေထိုင်သူများကိုကူညီပေးရန်ဖန်တီးထားခြင်းဖြစ်သည်။ မိမိတို့၏မိသားစုဝင်ငွေစုစုပေါင်းမှ၁ဂရာခိုင်နှုန်းထက်ပိုသောအာမခံအားလုံးသို့မဟုတ်တတိယပုဂ္ဂိုလ်ပေးချေမှုနောက်ပိုင်းငွေလက်ကျန်မကြာခဏကျန်ခဲ့သူများသည် ခက်ခဲကြမ်းတမ်းမှုအခြေကျရေးလျှော့ဈေးအတွက်ပြည့်မီသည်။ခက်ခဲကြမ်းတမ်းမှုအခြေကျရေးလျှော့ဈေးလျှောက်ထားသူလူနာများသည် ပထမတင်သွင်းမှုနောက်ပိုင်းတွင် သုံးစွဲသူဝန်ဆောင်မှုဌာနသို့ဖုန်းခေါ်ဆိုခြင်းဖြင့် ဤပရိုဂရမ်အကြောင်း စုံစမ်းသင့်သည်။

**ဆက်သွယ်ရန်အချက်အလက်များ**


| | |
|---|---|
| CHS System Business Office | လူနာဝန်ဆောင်မှုဌာန |
| အစိကထား၍: Financial Counseling Department | (704) 512-7000 |
| PO Box 32861 | |
| Charlotte, NC 28232 | |